| | | | | | |
|---|---|---|---|---|---|
| | | ၁၄ | ထူးတဲ့နိုင်ငံ | စာသင်ချိန်-၁ | ၁ |
| | တတိယပတ် | ၁၄ | ထူးတဲ့နိုင်ငံ | စာသင်ချိန်-၂ နှင့် ၃ | ၂ |
| | စတုတ္ထပတ် | ၁၅ | ချမ်းမြေ့သာယာ တို့ကမ္ဘာ | စာသင်ချိန်-၁ နှင့် ၂ | ၂ |
| ဒီဇင်ဘာလ | ပထမပတ် | ၁၅ | ချမ်းမြေ့သာယာ တို့ကမ္ဘာ | စာသင်ချိန်-၃ | ၁ |
| | | ၁၆ | သန့်ရှင်းဝန်းကျင် ဖြစ်စေချင် | စာသင်ချိန်-၁ | ၁ |
| | ဒုတိယပတ် | ၁၆ | သန့်ရှင်းဝန်းကျင် ဖြစ်စေချင် | စာသင်ချိန်-၂ နှင့် ၃ | ၂ |
| | တတိယပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| | စတုတ္ထပတ် | | **ဒီဇင်ဘာကျောင်းပိတ်ရက်** | | |
| ဇန်နဝါရီလ | ပထမပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| | ဒုတိယပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| | တတိယပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| | စတုတ္ထပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| ဖေဖော်ဝါရီလ | ပထမပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| | ဒုတိယပတ် | | ပြန်လှန်သင်ကြားခြင်း | | ၂ |
| **တစ်နှစ်တာစာသင်ချိန်စုစုပေါင်း** | | | | | **၆၄** |
| **အရန်စာသင်ချိန်ပေါင်း** | | | | | **၈** |
| **စုစုပေါင်း** | | | | | **၇၂** |

**စစ်ဆေးအကဲဖြတ်ခြင်း**

စာရိတ္တနှင့် ပြည်သူ့နီတိတန်ဖိုးများကို စစ်ဆေးအကဲဖြတ်ရန်မှာ မလွယ်ကူသော်လည်း ဆရာများအနေဖြင့် ကလေးများ၏ သင်ယူမှုကို သိမှုနယ်ပယ်အလိုက် အဆင့်ဆင့်အကဲဖြတ်ပြီး သင်ယူမှုဖြစ်မြောက်အောင် ကူညီပံ့ပိုးပေးရမည် ဖြစ်ပါသည်။ ထိုသို့ ကူညီပံ့ပိုးပေးရာတွင် နှုတ်မေးခွန်းများမေးခြင်း၊ သရုပ်ဖော်ပုံများကို ကြည့်ရှုလေ့လာစေပြီး နားလည်သဘောပေါက်မှု တည်ဆောက်ပေးခြင်း၊ ဇာတ်လမ်းနှင့် တေးကဗျာများမှ စာရိတ္တတန်ဖိုးများသင်ယူရရှိစေခြင်းတို့ ပါဝင်ပါသည်။ သင်ယူရရှိသည့် စာရိတ္တတန်ဖိုးများနှင့် အခြေခံကျင့်ဝတ်ကောင်းများကို ပြန်လည်အသုံးပြုရသည့် မေးခွန်းများမေး၍ စဉ်းစားဖြေဆိုစေခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးရမည့် အပြုအမူတို့ကို ရွေးချယ်ဆုံးဖြတ်စေခြင်း၊ သရုပ်ပြစေခြင်း စသည့်လုပ်ငန်းများကို အသုံးပြုရပါမည်။ ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော မေးခွန်းများသည် နမူနာမျှသာဖြစ်သောကြောင့် သင်ခန်းစာဦးတည်ချက်နှင့် သင်ယူမှုတန်ဖိုးများကို အထောက်အကူပြုသည့် အခြားမေးခွန်းနှင့် လုပ်ငန်းများကိုလည်း ထည့်သွင်းအသုံးပြုနိုင်ပါသည်။ စာရိတ္တတန်ဖိုးများကို နားလည်သဘောပေါက်လာပြီး သင်ယူမှုတွင် စိတ်ပါဝင်စားစွာ ပါဝင်လုပ်ဆောင်ခြင်းဖြင့် အပြုအမူနှင့် အလေ့အကျင့်များ တိုးတက်ပြောင်းလဲလာမှုအပေါ် အလေးပေး၍ စစ်ဆေးအကဲဖြတ်ရပါမည်။ သင်ယူမှုလုပ်ငန်းစဉ်တစ်ခုလုံးတွင် ကလေးများ၏ပါဝင်လုပ်ဆောင်မှုကို အဆင့်သတ်မှတ်ပေးခြင်း၊ အမှတ်ပေးခြင်းတို့ကို ဦးစားပေးရန် မလိုအပ်ပါ။ သင်ယူနေစဉ် ကျောင်းသားများ၏ပါဝင်လုပ်ဆောင်မှုကို စစ်ဆေးအကဲဖြတ်ပြီး သုံးသပ်ချက်ပေးခြင်း၊ ဦးတည်ချက်နှင့် လွဲချော်နေသည့် သင်ယူမှုအပေါ် တည့်မတ်ပေးခြင်းတို့ကို ဦးစားပေးလုပ်ဆောင်ရန် လိုအပ်ပါသည်။

**သိမှုဖြစ်စဉ်ပြပုံ**




ကျောင်းသားများအတွက် အခြေခံလူ့ကျင့်ဝတ်များရရှိသွားအောင် နေ့စဉ်သင်ယူမှုသည် အထူးအရေးကြီးပါသည်။စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသားတစ်ဦးချင်းစီသည် မည်သည့်စာရိတ္တတန်ဖိုးကို မည်မျှရရှိသွားသလဲဆိုသည့်အချက်ကို ဦးစားပေးရပါမည်။ ကျောင်းသား၏တွေးတောစဉ်းစားမှုသည် မျှော်မှန်းထားသည့် သင်ယူမှုတန်ဖိုးအတိုင်း ဖြစ်၊ မဖြစ်၊ ကျောင်းသားသည် အခြားသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးအကဲဖြတ်ရပါမည်။ ထို့ကြောင့် သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းအတွက် သိမှုဖြစ်စဉ်ပြ အောက်ပါရုပ်ပြပုံကို နမူနာအဖြစ် ဖော်ပြလိုပါသည်။




**ကျောင်းသား၏ သင်ယူရရှိမှုအဆင့်အလိုက် စံသတ်မှတ်ချက်များ**

| | |
|---|---|
| အသုံးချခြင်းအဆင့် | ကျောင်းသားသည် သင်ယူရရှိပြီးသော နားလည်သဘောပေါက်ထားသည့် စာရိတ္တတန်ဖိုးများအတိုင်း ပြုမူသည်။ |
| ခံစားနားလည်ခြင်းအဆင့် | ကျောင်းသားသည် သင်ခန်းစာမှပေးသော စာရိတ္တတန်ဖိုးများအရ ဘာကြောင့် မှားသည်၊ ဘာကြောင့်မှန်သည်၊ ဘာကြောင့် ထိုသို့ လုပ်မည်၊ မလုပ်မည်ကို ဖြေဆိုနိုင်သည်။ |
| စာရိတ္တတန်ဖိုးများနှင့် အလေ့အကျင့်ကောင်းများကို သိရှိခြင်းအဆင့် | ကျောင်းသားသည် စစ်ဆေးအကဲဖြတ်သည့် မေးခွန်းများအပေါ် မှားသည်၊ မှန်သည်၊ ဟုတ်သည်၊ မဟုတ်သည်ကို ဖြေဆိုနိုင်သည်။ |
| စဉ်းစားရန် လိုအပ်သည့်အဆင့် | ကျောင်းသားသည် သင်ယူမှုတန်ဖိုးနှင့် ဆက်စပ်မှုမရှိသော အဖြေကို ဖြေဆိုခြင်း၊ လုံးဝ အဖြေမပေးနိုင်ခြင်းဖြင့် တုံ့ပြန်သည်။ |

ဖော်ပြထားသောနမူနာမေးခွန်းများသည် ကျောင်းသား၏နားလည်သဘောပေါက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ရုံမျှသာ ဖြစ်သည်။ ကျောင်းသားသည် မိမိသင်ယူရရှိထားသည့် စာရိတ္တတန်ဖိုးများကို အခြားအခြေအနေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ အများနှင့်ပူးပေါင်းလုပ်ဆောင်ရသည့် လုပ်ငန်းများတွင်ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ ပြန်လည်အသုံးပြုခြင်း ရှိ၊ မရှိ စစ်ဆေးအကဲဖြတ်ရန် လိုအပ်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းသား၏သိမှုအဆင့်၊ နားလည်မှုအဆင့်နှင့် တန်ဖိုးထားမှုများကို နားလည်သဘောပေါက်နိုင်ရန် ဆွေးနွေးမေးမြန်းခြင်း၊ ကြည့်ရှုလေ့လာခြင်း၊ ဆီလျော်သည့်အချက်အလက်များကို ဖော်ပြရေးသားစေခြင်းတို့ကို အသုံးပြုနိုင်ပါသည်။